# နွေဦးအသံ
the voice of spring

28.4.2021 · Wednesday · No . 23 · Daily News Pamphlet


စစ်အုပ်စုမှ ပေးအပ်သည့် ဘွဲ့ ဒီဂရီလက်မှတ်များကို အသိအမှတ်မပြုကြောင်းနှင့် ညွှန်ချုပ်၊ ဒုညွှန်ချုပ်အဆင့်(၆)ဦးကို အမည်ပျက်စာရင်းသွင်းကြောင်း NUG ပညာရေးဝန်ကြီးဌာနက ကြေညာခဲ့

သတင်းတို — ရင်းမြစ် – NUG မှ

ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများက စီးပွားရေးအရ စစ်အုပ်စုနှင့် မပတ်သတ်ရန်နှင့် ဖက်ဒရယ်သယံဇာတခွဲဝေရေးစနစ် ဖြစ်ပေါ်ရေး ကြေညာချက်တခုကို NUG သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ထုတ်ပြန်ခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – NUG မှ

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းမှ အာဆီယံအစည်းအဝေး ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး အကြမ်းဖက်မှုများကို စစ်ကောင်စီမှ တဖက်သတ်ကျူးလွန်နေခြင်းဖြစ်ပြီး အာဆီယံအဖွဲ့နှင့် ထိတွေ့ဆက်ဆံရန် အသင့်ရှိကြောင်း အချက်(၈)ချက်ပါ ကြေညာချက်ထုတ်ပြန်ခဲ့

သတင်းတို — ရင်းမြစ် – NUG မှ

## ကျေးလက်နှင့်မြို့ကြီးများ၌ သပိတ်စစ်ကြောင်းများ ပြန်လည်အားကောင်းလျက်ရှိ

ချင်းပြည်နယ်၊ မင်းတပ်မြို့ရှိ ဒေသခံများက ခုခံလျက်ရှိရာ စစ်အုပ်စုဘက်မှ (၁၀)ဦးခန့်ထပ်မံသေဆုံးခဲ့

သတင်းတို — ရင်းမြစ် – DVB မှ

CDM ဝန်ထမ်းများကို လစာပေးနိုင်ရန် NUG စီစဉ်နေဟုသိရ

သတင်းတို — ရင်းမြစ် – မြန်မာနောင်း မှ

ရေဝတီတိုင်းရှိ တောခိုရှောင်ပုန်းနေကြသည့် CDM ဝန်ထမ်းများ ရိက္ခာ ပြတ်လပ်မှု ကြုံတွေ့နေရ

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ



ဧပြီ ၂၇ ရက်၊ ဆားလင်းကြီးမြို့ရှိ ကျေးရွာပေါင်းစုံသပိတ်စစ်ကြောင်းကိုတွေ့ရစဉ် –(ဓါတ်ပုံ – CJ )

CRPH သို့ ချိတ်ဆက်လျှုဒါန်းနိုင်မည့် တရားဝင် အလှူငွေကောက်ခံမှုစီမံရေးအဖွဲ့ကို မိတ်ဆက်ခဲ့

သတင်းတို — ရင်းမြစ် – CRPH မှ

CDM ဆရာဝန်များကို လုပ်ငန်းခွင် ပြန်ဝင်ရန် မိဘများထံစာပို့၍ စစ်အုပ်စုက ဖိအားပေးလျက်ရှိ

သတင်းတို — ရင်းမြစ် – မြန်မာနောင်း မှ

နိုင်ငံပြန်ရောက်ပြီးမှ အာဆီယံဘုံသဘောတူညီမှု(၅)ချက်ကို ပယ်ဖျက်သည့်ပုံစံဖြင့် စစ်အုပ်စုမှ ထုတ်ပြန်

သတင်းတို — ရင်းမြစ် – နွေဦးအသံ မှ

KNU တပ်မဟာ(၅)က သော်လဲထာစခန်းကို ထပ်မံသိမ်းယူအပြီး စစ်အုပ်စုက လေယာဉ်ဖြင့် ဗုံးကြဲနေ

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်း မှတ်စု

ဧပြီလ (၂၇) ရက်၊ ၂၀၂၁

- CRPH ကို ပြည်သူက လှူဒါန်းထားသည့် ငွေကြေးများအပြင် အမေရိကန်ဘဏ်ရှိ ဘီလျံနှင့်ချီသောနိုင်ငံပိုင်ငွေကြေးများကို တောင်းခံ၍ CDM ပါဝင်သည့် အစိုးရဌာနအသီးသီးမှနိုင်ငံ့ဝန်ထမ်းများကို လစာပေးနိုင်ရန် ကြိုးပမ်းနေသည်ဟု NUG စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံရေးဝန်ကြီး ဦးတင်ထွန်းနိုင်က ပြောကြားခဲ့။
- ပုဒ်မ ၅၀၅–ကဖြင့် ဖမ်းဝရမ်းထုတ်ခံထားရသည့် CDM ဆရာဝန်ပေါင်း ၃၀၀ ခန့်ရှိပြီး တဦးမျှ ဖမ်းဆီးရမိခြင်း မရှိသည့်အတွက် စစ်အုပ်စုက မိသားစုဝင်များကို ဖမ်းဆီးခြင်းနှင့် လုပ်ငန်းခွင်ပြန်ဝင်ရန် မိဘများထံ အကြောင်းကြားစာများပေးပို့ကာ အကြပ်ကိုင်ဖိအားပေးခြင်းများ ပြုလုပ်လျက်ရှိ။
- ဧပြီ(၂၇)ရက်၊ နံနက်ပိုင်းတွင် ထိုင်း-မြန်မာနယ်စပ် သော်လဲထာစစ်အုပ်စု တပ်စခန်းကို KNU တပ်မဟာ(၅) က အလွယ်တကူ တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် (၁၀) မိုင်အကွာရှိ ဒါးကွယ်ဒေသမ ကရင်ကျေးရွာကို စစ်အုပ်စုက လေယာဉ်ဖြင့် ဗုံးကြဲ၍ ပြည်သူများကို အကြမ်းဖက် တိုက်ခိုက်လျက်ရှိ။
- ချင်းပြည်နယ်၊ မင်းတပ်မြို့ကို စစ်အုပ်စုက ယာဉ်တန်း ၉ စီးခန့်၊ အင်အား ၁၅၀ ကျော်နှင့် ထပ်မံလာရောက်တိုက်ခိုက်ခြင်းကြောင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့များက ခံစစ်အပြင် ပြောက်ကျားစနစ်နှင့်ပါ အပြင်းအထန်ခုခံတိုက်ခိုက်ရာ စစ်အုပ်စုဘက်မှ သေဆုံးသူ များပြားနေကြောင်းသိရ။
- ရန်ကုန်၊ ခရမ်းမြို့နယ် ပညာရေးမှူးရုံးတွင် နံနက်ပိုင်းက ဗုံးသုံးလုံး ပေါက်ကွဲခဲ့။
- ရှမ်းမြောက်- သီပေါမြို့ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် နံနက်ပိုင်းက လက်လုပ်ဗုံး ပစ်ခံရမှုပြီး ပေါက်ကွဲမှု ဖြစ်ပွားခဲ့။
- မပူးပေါင်းဘူး (အကြမ်းဖက်စစ်အုပ်စုနှင့်)၊ မသုံးစွဲဘူး (စစ်တပ်နှင့် ဆက်စပ်သည့် စီးပွားရေးနှင့် ကုန်စည်များ)၊ ပြည်သူ့ငွေများ စစ်အုပ်စုထံ မရောက်စေရဘူး (အခွန်မဆောင်၊ ချေးငွေပြန်မဆပ်၊ ဘဏ်အပ်ထားငွေ ပြန်ထုတ်ခြင်း) တို့ ပါဝင်သည့် "ဘူး" သပိတ်တွင် ပြည်သူများ ပူးပေါင်းပါဝင်ကြရန် မန္တလေးသပိတ်ခေါင်းဆောင် ကိုတေဇာစန်းက တိုက်တွန်းခဲ့။
- ဧပြီ(၂၆)ညပိုင်း၌ စိန်ပန်းရပ်ကွက်ရှိ ထမင်းကြော်ရောင်းသူကို စစ်အုပ်စုက အကြောင်းမဲ့ ပစ်ခတ်သဖြင့် ကျဆုံးခဲ့ရပြီး အခြားသူတဦးလည်း ဒဏ်ရာရရှိခဲ့။
- မိုးကုတ်သပိတ်ခေါင်းဆောင် ဦးစိုးမြင့်အိမ်အား စစ်အုပ်စုက ဝင်ရောက်စီးနင်းပြီး အိမ်တွင်းပစ္စည်းများကို လုယက်ခိုးယူခဲ့ဟုသိရ။
- မန္တလေးအခြေစိုက် Voice of Myanmar – သတင်းဌာန အယ်ဒီတာချုပ် ဦးနေမျိုးလင်းနှင့် သတင်းထောက် ရှိုင်းအောင်တို့ကို စစ်အုပ်စုက ဖမ်းဆီးခေါ်ဆောင်သွားခဲ့။
- ဒီးမော့ဆိုမြို့နယ်၊ ခြောက်မိုင်စံပြကျေးရွာရှိ လုံခြုံရေးအတားအဆီးများကို လိုက်လံဖယ်ရှားနေသည့် အကြမ်းဖက်စစ်အုပ်စုက ပစ်ခတ်သဖြင့် အသက် ၅၀ ဝန်းကျင်ရှိ ကယောပိုင်းမှ ဦးပေါလူ ကျဆုံးခဲ့ရပြီး အခြားသူတစ်ဦးမှာ ဦးခေါင်းကို ကျည်အစစ် ရှပ်ထိမှန်ခဲ့ဟုသိရ။
- ရန်ကုန်-လှိုင်။ ကချင်-ဟိုပင်မြို့ မြို့သစ်ကလေးရွာ။ ပြည်။ ရေဝတီ-ကျုံပျော်၊ ဖျာပုံ။ မွန်-ကျိုက်ထို၊ ပေါင်မြို့။ ပင်းတယမြို့ တို့၌ လူမဲ့သပိတ် ပြုလုပ်ခဲ့ကြ။
- ရန်ကုန်-လှိုင်သာယာ။ မန္တလေး-တကာသစစ်ကြောင်း။ မုံရွာ-အမြင့်ကျေးရွာတို့၌ ဆိုင်ကယ်သပိတ် ပြုလုပ်ခဲ့ကြ။
- ရန်ကုန်-တောင်ဥက္ကလာ၊ မန္တလေး-အမရပူရ။ မြင်းခြံ။ ညောင်ဦး။ ပဲခူး-ထန်းတပင်၊ ကင်ပွန်းချုံရွာ တို့၌ စစ်ကျွန်ပညာရေးစနစ်အလိုမရှိ၊ ဆန့်ကျင်ကြောင်း ဆေးသပိတ် ပြုလုပ်ခဲ့ကြ။
- ရန်ကုန်-စမ်းချောင်းမြို့နယ်၌ မြို့နယ်ပေါင်းစုံရှိ လူငယ်များက အင်အား ၃၀၀ ကျော်ဖြင့် "ဘာတွေလဲ၊ရန်ကုန်သားတွေ" ဆိုင်းဘုတ်ကိုင်ဆောင်၍ စုပေါင်းသပိတ်ချီတက်ခဲ့ကြ။
- ရန်ကုန်-စမ်းချောင်း၊ အင်းစိန်၊ သာကေတနှင့် ဒေါပုံ စုပေါင်းသပိတ်၊ ဆိပ်ကြီးခနောင်တို။ မန္တလေး-တပ်ပေါင်းစုသပိတ်၊ စက်မှုစုပေါင်းသပိတ်၊ သံဃာ့သမဂ္ဂစစ်ကြောင်း။ မိုးကုတ်မြို့။ ပေါင်မြို့။ မိုးကုတ်။ ညောင်ဦး။ ပဲခူး-ဒိုက်ဦး။ ပဲခူး။ ကလေးမြို့။ ရေဦးမြို့နယ်-ထန်းတော၊ ပေါက်တော၊ ကြည်ကုန်း။ ပခုက္ကူ- ကမ္ဘမြို့၊ မြစ်ခြေမြို့။ လောင်းလုံး- ညင်းမော်ကျေးရွာ၊ တီဇစ်ကျေးရွာ။ ထားဝယ်။ ပုသိမ်။ ဟားခါး။ ဖားကန့်မြို့မော်ပေါင်းစုံပင်မသပိတ်စစ်ကြောင်း၊ တာမခန်မြို့သစ်။ မိုးကောင်း။ နမ္မတီးမြို့။ လွိုင်ကော်၊ နောင်ယား (က) ရပ်ကွက်။ ဟိုပုံးမြို့။ လောင်းလုံမြို့နယ်၊ မင်းရပ်ကျေးရွာ စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၂၆)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၅၃ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၄၇၄ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၁၇၉ ဦး

ရင်းမြစ် – အေအေပီပီမှ




ဧပြီ(၂၇)ရက်၊ ရန်ကုန်ရှိ လူငယ်အချို့က ပြုလုပ်ခဲ့သည့် "ဘူးသပိတ်" ကိုတွေ့ရစဉ်

အရေးတော်ပုံ မုချ အောင်ရမည်

စစ်အာဏာရှင်စနစ်အလိုမရှိ

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com
နွေဦးအသံ
the voice of spring
28.4.2021 · Wednesday · No . 23 · Daily News Pamphlet